# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

**e-NEWSLETTER**

VOL.4, N0.8

AUGUST 2025

## မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြမဲပေးခြင်း ဆိုင်ရာများ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လာရောက်ရှင်းလင်းပြသခြင်း





ဇူလိုင်လ ၂၂ ရက်

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တို့ ပူးပေါင်းကျင်းပသည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းဆိုင်ရာများကို ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ၂၂-၇-၂၀၂၅ ရက်နေ့၊ နံနက် ၁၀:၀၀နာရီအချိန်တွင် ကော်မရှင်ရုံး Conference Room ၌ လာရောက်ရှင်းလင်းရာ ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပါ နိုင်ငံတော်အခြေခံမူများတွင် နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဟု ဖော်ပြထားကြောင်း၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများ ပြုလုပ်ပေးခြင်းသည် အလွန်အရေးကြီးသော ဂုဏ်အင်္ဂါဖြစ်ပါကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၂၁)တွင် လူတိုင်းတန်းတူညီမျှ ဆန္ဒမဲပေးနိုင်ခွင့်ကို ထုတ်ပြန် ကြေညာထားသကဲ့သို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၉ တွင်လည်း နိုင်ငံသားများကို ရွေးကောက်တင်မြှောက်ခွင့်၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ ပေးအပ်ထားကြောင်း၊ မကြာမီ ကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန် နိုင်ငံသားတိုင်း ဝိုင်းဝန်းကြိုးပမ်းအားထုတ်

စာ ၂



မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် နေပြည်တော် ဒုတိယအကြိမ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်ခြင်း

စာ ၃



မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားကျင်းပပြုလုပ်ခြင်း

စာ ၅



မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာအား ကြည့်ရှုစစ်ဆေးခြင်း

စာ ၆



အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ဒုတိယအကြိမ်လုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့်ဆက်စပ် သင်တန်းအစီအစဉ်သို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ပါဝင်တက်ရောက်ခြင်း

စာ ၈



ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ထားဝယ်အကျဉ်းထောင်၊ ထားဝယ်မြို့မရဲစခန်းအချုပ်ခန်း၊ ထားဝယ်ခရိုင်တရားရုံး အချုပ်ခန်းနှင့် ထားဝယ်ဘိုးဘွားရိပ်သာတို့အား ကြည့်ရှုစစ်ဆေးခြင်း

သင့်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာ ရှင်းလင်းပြောကြားပေးခြင်းနှင့် မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် မဲပေးခြင်း လက်တွေ့သရုပ်ပြမှုများသည် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် အသိပညာပေးနိုင်ခြင်း ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ဆောင်ရွက်ရမည့် ရွေးကောက်ပွဲကျင်းပခြင်းနှင့်သက်ဆိုင်သော လူ့အခွင့်အရေးကဏ္ဍများအတွက်များစွာ အထောက်အပံ့ဖြစ်စေ မည်ဖြစ်ပါကြောင်း ပြောကြားပါသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်းက နိုင်ငံတော်၏ ရွေးကောက်ပွဲများ ဆောင်ရွက်ခဲ့မှုနှင့် ကျင်းပမည့် ရွေးကောက်ပွဲအတွက် သိမှတ်ဖွယ်ရာများ၊ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ဆိုင်ရာ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်း အစီအစဉ် ဆောင်ရွက်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်အနောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ခရိုင်ရွေးကောက်ပွဲအရာရှိဦးစောထက်လင်းဦးကမြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အကြောင်းရှင်းလင်းပြောကြားကာ မဲပေးခြင်းပုံစံ အဆင့်ဆင့်အား လက်တွေ့သရုပ်ပြ ရှင်းလင်းပြောကြားပါသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဝန်ထမ်းများအား လက်တွေ့ကိုယ်တိုင်စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး သရုပ်ပြ ရှင်းလင်းပွဲကို ၁၂:၁၅ နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။ အခမ်းအနားသို့ ကော်မရှင် ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ဝန်ထမ်း (၈၃) ဦးတက်ရောက်ခဲ့ပါသည်။

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် နေပြည်တော် ဒုတိယအကြိမ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်ခြင်း



ဇူလိုင်လ ၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်သည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် ဒက္ခိဏသီရိမြို့နယ်၊ ရန်အောင်မြင်ကြိုးဝိုင်းတွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုနယ်မြေ၊ ၂၀၂၅ခုနှစ်၊ ဒုတိယအကြိမ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ သစ်ပင်စိုက်ပျိုးခဲ့ပါသည်။

## ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း

ဇူလိုင်လ ၁၀ ရက်

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၅) ကို ၁၀-၇-၂၀၂၅ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အလှည့်ကျ ကော်မတီဝင်များဖြစ်ကြသည့် ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်ကိုကိုနှင့် ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး လုပ်ငန်းခွင်ဝင်သင်တန်း (၂/၂၀၂၅) ဖွင့်လှစ်ခြင်း



ဇူလိုင်လ ၁၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးတွင် ခန့်အပ်ပြီးဖြစ်သည့် ဦးစီးအရာရှိ၊ ဒုတိယလူ့အခွင့်အရေးဦးစီးမှူးနှင့် အငယ်တန်းစာရေးဝန်ထမ်းများအတွက် လုပ်ငန်းခွင်ဝင် သင်တန်း၊ (၂/၂၀၂၅) သင်တန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ၁၄-၇-၂၀၂၅ ရက်နေ့၊ ၁၀:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင် အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ကော်မရှင်ရုံး အရာထမ်းများနှင့် အရာထမ်း/ အမှုထမ်း သင်တန်းသားများ တက်ရောက်ကြပါသည်။

အခမ်းအနားတွင်မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကားပြောကြားရာတွင် ကော်မရှင်ရုံးတွင် လစ်လပ်သော အရာထမ်း၊ အမှုထမ်းရာထူးများတွင် ဖြည့်စွက်ခန့်ထားသည့် ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းတာဝန်များကို သိရှိနားလည်ပြီး ချောမွေ့အောင်မြင်စွာ ထမ်းဆောင်နိုင်ကြစေရန်အတွက် ဤလုပ်ငန်းခွင်ဝင်သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပါကြောင်း၊ ဌာနအဖွဲ့အစည်းများတွင်ရုံးလုပ်ငန်းသည်အဓိကအသက်သွေးကြောဖြစ်ပါကြောင်း၊ ရုံးလုပ်ငန်းများကို သိရှိနားလည်ပြီး စနစ်တကျဖြင့် မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အရေးကြီးပါကြောင်း၊ ကော်မရှင်၏ ဝန်ထမ်းများသည် အရည်အချင်းပြည့်ဝပြီး စွမ်းဆောင်ရည်မြင့်မားသည့် ဝန်ထမ်းများဖြစ်စေရေး ဆိုသည့် လုပ်ငန်းစဉ်မူဘောင် ရည်မှန်းချက်ကို အကောင်အထည်ဖော်သည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ တာဝန်ကျေပွန်သည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေဖို့ ကြိုးစားအားထုတ်ကြရန် တိုက်တွန်းပြောကြားပါသည်။

လုပ်ငန်းခွင်ဝင်သင်တန်းကို ၁၄-၇-၂၀၂၅ ရက်နေ့မှ ၁၈-၇-၂၀၂၅ ရက်နေ့အထိ ရက်သတ္တပတ် တစ်ပတ်ကြာ ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားကျင်းပပြုလုပ်ခြင်း



ဇူလိုင်လ ၁၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအား ၁၆-၇-၂၀၂၅ရက်နေ့တွင် ၉:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room ၌ လှိုင်မဟာစည် သာသနာ့ရိပ်သာကျောင်းတိုက်မှ ဆရာတော် (၃) ပါးကိုပင့်ဖိတ်၍ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ခြင်း အခမ်းအနား ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ကော်မရှင်ရုံး ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။ ထို့နောက်ဆရာတော်(၃)ပါးအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ နေ့ဆွမ်းများကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကျန်းမာရေး ဆေးစစ်မှုခံယူခြင်း





### ဇူလိုင်လ ၂၄ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့အား ၂၀၂၅ခုနှစ်၊ ဒုတိယ(၆)လပတ် ဆေးစစ်မှုခံယူခြင်းကို ၂၃-၇-၂၀၂၅ ရက်နေ့နှင့် ၂၄-၇-၂၀၂၅ ရက်နေ့များတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ၂၉-၇-၂၀၂၅ ရက်နေ့တွင် မျက်စိဆေးရုံကြီးတို့တွင် ကျန်းမာရေးဆေး စစ်မှုခံယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ကျန်းမာရေးဆေးစစ်မှုခံယူရာတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ သွေးစစ်ဆေးခြင်း၊ ခန္ဓာကိုယ်အတွင်း ရောဂါစစ်ဆေးခြင်းအား ဓါတ်မှန်ရိုက်စစ်ဆေးခြင်းနှင့် Ultrasound စစ်ဆေးခြင်းနှင့် ဆီး/ဝမ်းများ ဓါတ်ခွဲစစ်ဆေးခြင်းနှင့် မျက်စိဆေးရုံကြီးတွင် မျက်လုံးစမ်းသပ် စစ်ဆေးမှုခံယူခြင်း ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးအား အလှူငွေကျပ်ငါးသိန်း ပေးအပ် လှူဒါန်းခဲ့ပါသည်။

---

## ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း



### ဇူလိုင်လ ၃၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၅) ကို ၃၁-၇-၂၀၂၅ ရက်နေ့တွင် Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင် အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက်သက်ဆိုင်ရာဘာသာရပ် တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများက တင်ပြဆွေးနွေးခဲ့ကြပါသည်။

---



# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာအား ကြည့်ရှုစစ်ဆေးခြင်း





ဇူလိုင်လ ၁၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာမြင့်သူမြိုင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (င)၊ ၄၃ ပြဋ္ဌာန်းချက်များနှင့်အညီ ၁၈-၇-၂၀၂၅ ရက်နေ့တွင် လူမှုဝန်ထမ်း ဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာအား သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံ ပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေ၊ အစားအစာနှင့် အာဟာရ ဖြည့်ဆည်းကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှုအခြေအနေ၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ ဘိုးဘွားများနားနေခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုအခြေအနေ၊ ပင်စင် လစာထုတ်ယူရရှိမှုအခြေအနေနှင့် ဘိုးဘွားများ Day Care Centre မှ အိမ်ပြန်ရာတွင် ဘတ်(စ်) ကားမှတ်တိုင်များသို့ ပို့ဆောင်ပေးမှုအခြေအနေတို့နှင့် သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ သင်တန်းနှင့် ပတ်သက်၍ တစ်နှစ် (၂) ကြိမ် ဖွင့်လှစ်မှု အခြေအနေ၊ သင်တန်းသားများ တက်ရောက်မှု အခြေအနေ၊သင်တန်းသားများအားပြင်ပဘိုးဘွားရိပ်သာများသို့ သွားရောက် လေ့လာမှုအခြေအနေတို့ကို မေးမြန်းကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဂေဟာ၌ လက်ခံစောင့်ရှောက်ထားသော အဘိုး၊ အဘွား စုစုပေါင်း (၁၀၂) ဦးအား နွေးထွေးပျူငှာစွာ အားပေးစကားများ ပြောကြားခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။

# တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာပို့ချ

ဇူလိုင်လ ၁၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည်ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ်မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်း စီမံချက်ကိုရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော




ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၆၂) သို့ ၁၀-၇-၂၀၂၅ရက်နေ့ ၀၇:၄၀နာရီမှ၁၀:၄၀နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေးအခြေခံအယူအဆများအကြောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်ကြီး (၉) ခု အကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းစသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၆၂) ၌ သင်တန်းသားအရာရှိ ၉၈ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင်နှင့် ညွှန်ကြားရေးမှူးတို့က ပြန်လည် ရှင်းလင်းဖြေကြားခဲ့ပါသည်။

## အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ဒုတိယအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့်ဆက်စပ်သင်တန်းအစီအစဉ်သို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပါဝင်တက်ရောက်ခြင်း



ဇူလိုင်လ ၂၄ ရက်

အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF)၏ ၂၀၂၅ခုနှစ် ဒုတိယ အကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေးကို ဖိုရမ်၏အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ၂၂-၇-၂၀၂၅ ရက်နေ့မှ ၂၃-၇-၂၀၂၅ ရက်နေ့ အထိ အင်ဒိုနီးရှားနိုင်ငံ၊ ယိုဂျာကာတာမြို့၌ Hybrid Format ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင်များ ဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ တီမောလက်စ်တေ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များက In-Person တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာသန်းမြင့်၊ ဦးဝင်းလှိုင်ဦးနှင့် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာဆက်ဆံရေးဌာနမှ ညွှန်ကြားရေးမှူးနှင့် ရုံးဝန်ထမ်းများက Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ၂၀၂၅ ခုနှစ်၊ ဧပြီလက ကျင်းပခဲ့သော ဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေး နောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ အရှေ့တောင် အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် (၅) ရပ် အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ ဦးစားပေးကိစ္စရပ် တစ်ခုစီ အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဓိကတာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ ဖိုရမ် အလှည့်ကျအတွင်းရေးမှူးချုပ်ရုံး ဆောင်ရွက်ရန်ကိစ္စရပ်များနှင့် ဖိုရမ်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရမည့် သက်တမ်းအား ဆွေးနွေးခြင်းကိစ္စရပ်များ၊ အရှေ့တောင် အာရှ ဒေသဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဖိုရမ်နှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ဖိုရမ်၏ (၂၂)





ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပနိုင်ရေး ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးတွင် ဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေး နောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက် ရေးတို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးက ဆွေးနွေးခဲ့ပါသည်။ ထို့နောက် SEANF၏မဟာဗျူဟာစီမံကိန်း(၂၀၂၂-၂၀၂၆)ပါ ဦးစားပေးကိစ္စရပ်များအနက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ဦးဆောင် အဖွဲ့အစည်း အဖြစ် တာဝန်ယူထားသော ဦးစားပေးကိစ္စရပ် အမှတ် (၂) ဖြစ်သည့် "စီးပွားရေး လုပ်ငန်း များတွင် လူ့အခွင့်အရေး မြှင့်တင်ရန်နှင့် ကာကွယ်ရန်" ကိစ္စရပ်နှင့်စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေကို ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ဆွေးနွေးခဲ့ပါသည်။

ဖိုရမ်၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပပြုလုပ်သွားရန် လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် မူအားဖြင့် သဘော တူညီခဲ့ပါသည်။

ထို့ပြင် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့ အစည်းများ ဖိုရမ်နှင့် အရှေ့တောင်အာရှ ဒေသဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးတို့ ပူးပေါင်း၍ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ နှင့်စပ်လျဉ်းသော သင်တန်းကို Hybrid Format ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းသင်တန်းသို့ OHCHR မှ ကိုယ်စားလှယ်များ၊ ဖိုရမ်အဖွဲ့ဝင် နိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလ်လက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များက In-person တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးဒေါ်မီမီစန်းအောင်၊လက်ထောက် ညွှန်ကြားရေးမှူးများဖြစ်ကြသည့်ဒေါ်တင်တင်ခိုင်၊ ဒေါ်ဇင်မင်းသက်လွင်၊ ဒေါ်အေးစန္ဒာမြင့်နှင့် ဦးကောင်းခန့်ပြည့်တို့က Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အဆိုပါသင်တန်း၌ အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် Abdul Haris Semendawai နှင့် အရှေ့တောင်အာရှ ဒေသဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ Ms. Cynthia Veliko က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ဆက်လက်၍ Ms. Cecilia Jimenez- Damary က လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် ထိတွေ့ပူးပေါင်း ဆောင်ရွက်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Ms. Romchat Wachirarattanakorokal က သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့်လည်းကောင်း၊ Dr. Pichamon Yeophantong က စီးပွားရေးနှင့် လူ့အခွင့်အရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Ms. Cecilia Jimenez- Damary က ပဋိပက္ခများအတွင်း လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအား အထောက်အပံ့ပေးခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပို့ချခဲ့ကြပါသည်။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ထားဝယ်အကျဉ်းထောင်၊ ထားဝယ်မြို့မရဲစခန်းအချုပ်ခန်း၊ ထားဝယ်ခရိုင်တရားရုံးအချုပ်ခန်းနှင့် ထားဝယ်ဘိုးဘွားရိပ်သာတို့အား ကြည့်ရှုစစ်ဆေးခြင်း





ဇူလိုင်လ ၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ၂-၇-၂၀၂၅ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်ခရိုင်၊ထားဝယ်မြို့နယ်ရှိ ထားဝယ် အကျဉ်းထောင်သို့လည်းကောင်း၊ ၃-၇-၂၀၂၅ ရက်နေ့တွင် ထားဝယ်မြို့မရဲစခန်းအချုပ်ခန်း၊ ထားဝယ်ခရိုင်တရားရုံးအချုပ်ခန်းနှင့် ထားဝယ်ဘိုးဘွားရိပ်သာသို့လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ထားဝယ်အကျဉ်းထောင်အား ဝင်ရောက်ကြည့်ရှု စစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အိပ်ဆောင်များတွင်တွေ့ဆုံပြီး အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူ တစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ ကျွေးမွေးမှုအခြေအနေ၊ အကျဉ်းသားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေ၊ အကျဉ်းသား၏ ရောဂါအခြေအနေအပေါ် မူတည်၍ ပြင်ပဆေးရုံများသို့ တင်ပို့ကုသပေးမှုအခြေအနေ၊ သန့်ရှင်းသော သောက်ရေ ပေးဝေမှုနှင့် ချိုးရေ၊ သုံးရေ လုံလောက်စွာ ရရှိစေရန် ဆောင်ရွက်ပေး နေမှုအခြေအနေ၊ မိသားစုနှင့် တွေ့ဆုံခွင့်ပေးနိုင်မှုအခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ လက်ခံရရှိမှု အခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိမှု အခြေအနေ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစား ဆောင်ရွက်ပေးမှု အခြေအနေ၊ ယုံကြည်ရာ ကိုးကွယ်သည့် ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့်အခြေအနေ၊ အသက်မွေးဝမ်း ကျောင်းပညာသင်ကြားပေးနေမှု အခြေအနေ၊ အကျဉ်းသား/သူများအား အကျဉ်းထောင်ဝန်ထမ်းများကလည်းကောင်း၊ အကျဉ်းသား အချင်းချင်းကလည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ/ မရှိ အခြေအနေစသည်တို့ကို မေးမြန်းခဲ့ပြီး ထောင်ဝင်စာ လာရောက်တွေ့ဆုံသည့် အကျဉ်းသားမိသားစုဝင်များကိုတွေ့ဆုံ၍အကျဉ်းသားနှင့် တွေ့ဆုံရာတွင် အခက်အခဲ ရှိ/ မရှိ၊ အကျဉ်းသားအတွက် ပစ္စည်းပေးပို့ရာတွင် အဆင်ပြေမှု ရှိ/ မရှိ စသည်တို့ကို တွေ့ဆုံမေးမြန်းပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူ (၆) ဦးကိုလည်း သီးခြား တွေ့ဆုံ မေးမြန်း မှတ်တမ်းတင် ခဲ့ပါသည်။

ဆက်လက်၍ အကျဉ်းသား / အကျဉ်းသူ ၊ အချုပ်သား/အချုပ်သူများ၏ အိပ်ဆောင်များ၊ အကျဉ်းထောင်ဆေးခန်း၊ စာကြည့်တိုက်၊ ထောင်ဝင်စာတွေ့ဆုံသည့်နေရာ၊ စားဖိုကြီး၊ ထမင်းစား ဆောင်၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေ/ချိုးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်း မှု ရှိ/မရှိ စသည်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကို ကော်မရှင်မှ လှူဒါန်းခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ထားဝယ်မြို့မရဲစခန်းအချုပ်ခန်းနှင့် ထားဝယ်ခရိုင်တရားရုံး အချုပ်ခန်းတို့အား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလ အခြေအနေ၊အချုပ်ခန်းများတွင်နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ အခြေအနေ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှုအခြေအနေ၊တရားရုံးတွင်ရုံးထုတ်ချိန်ကာလအတွင်း

စားသောက်ရေးစီစဉ်ပေးမှုအခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှုအခြေအနေ၊ တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့အား အချုပ်သား/အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ထားဝယ်ဘိုးဘွားရိပ်သာအား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များတွင် သွား ရောက်တွေ့ဆုံပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေ၊ အစားအစာနှင့် အာဟာရ ဖြည့်ဆည်းကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသောသောက်ရေနှင့်သုံးရေရရှိစေရန်ဆောင်ရွက်ပေးနေမှု အခြေအနေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု အခြေအနေ၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု အခြေ အနေ၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုအခြေအနေနှင့် အသက် (၈၅)နှစ် ပြည့်ပြီးသော သက်ကြီး အဘိုး၊ အဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ကြေးရရှိရေး ဆောင်ရွက်ပေးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ လုပ်ငန်းခွင်ဝင်သင်တန်း၊ အမှတ်စဉ် (၂/၂၀၂၅) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပခြင်း



ဇူလိုင်လ ၁၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ အရာထမ်း/အမှုထမ်းများအတွက် လုပ်ငန်းခွင်သင်တန်း၊ အမှတ်စဉ်(၂/၂၀၂၅) သင်တန်းဆင်းပွဲအခမ်းအနားကို ၁၈-၇-၂၀၂၅ ရက်နေ့၊ ၁၅:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး Conference Room ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ကော်မရှင်ရုံး အရာထမ်းများနှင့် သင်တန်းတက်ရောက်ခဲ့သည့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၊ EC အလှည့်ကျ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်က သင်တန်းဆင်းအမှာစကား ပြောကြားပါသည်။ ထို့နောက် သင်တန်းသားတစ်ဦးမှ ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များအား ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က တစ်ဦးချင်းပေးအပ်ပြီး သင်တန်းဆင်းပွဲအခမ်းအနားအား ၁၅:၃၀ နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

SUSTAINABLE DEVELOPMENT GOALS

၁၀ မညီမျှမှုများ လျော့နည်းသွားစေရေး

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ

Goal (10) Reduced Inequalities

ပန်းတိုင် (၁၀) နိုင်ငံတွင်းနှင့် နိုင်ငံများကြား မညီမျှမှုလျော့ချရေး။

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒုတိယ (၃)လပတ် ထောက်ပံ့ငွေစာရင်းသုံးစွဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခြင်း



ဇူလိုင်လ ၂၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒုတိယ (၃)လပတ် ထောက်ပံ့ငွေစာရင်းသုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့၊ ၁၃:၀၀နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပရာ ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီ အလှည့်ကျကော်မတီဝင်များ ဖြစ်ကြသည့် ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်ကိုကို၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဌာနတာဝန်ခံများနှင့် ဘဏ္ဍာရေးဌာနခွဲမှ အရာထမ်းများ တက်ရောက်ကြပါသည်။

အစည်းအဝေးအစီအစဉ်အရ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်က အဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က ဌာန(၆)ခုမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဝယ်ယူရန်တင်ပြထားသည့်စာရင်းများအား ငွေစာရင်းခေါင်းစဉ်အလိုက် တင်ပြဆွေးနွေးပါသည်။ ထို့နောက် စီမံရေးရာနှင့်ဘဏ္ဍာရေးဌာနတာဝန်ခံက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့အသုံးစရိတ်ရရှိမှုအခြေအနေများကို တင်ပြဆွေးနွေးခဲ့ပြီး ဌာနတာဝန်ခံများက မိမိဌာနအလိုက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဝယ်ယူရမည့် ပစ္စည်းများအား တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ငွေစာရင်း ခေါင်းစဉ်အလိုက် ပထမ(၃)လပတ်ကာလအတွင်း ဝယ်ယူရမည့်ပစ္စည်းများအား အပြီးသတ်ဝယ်ယူနိုင်ရေး ဆုံးဖြတ်ချက်များအား ချမှတ်ဆောင်ရွက်ဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ၁၅:၂၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

---

## ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



ဇူလိုင်လ ၂၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲအမှတ်စဉ် (၇/၂၀၂၅) အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ ၁၄:၀၀နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်က အဖွင့်အမှာစကား ပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေးနှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

ဝန်ထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း ( ၇၄ ) ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၅:၁၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ကော်မရှင်ရုံးမီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးများလေလွင့်မှုမရှိစေရေး ကော်မရှင်ရုံးတွင်း လိုက်လံကြည့်ရှုစစ်ဆေးခြင်း

ဇူလိုင်လ ၂၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်သည် ၂၈-၇-၂၀၂၅ ရက်နေ့ (၁၀:၀၀)နာရီအချိန်၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များနှင့်အတူ ကော်မရှင်ရုံးအတွင်း မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးအသုံးပြုမှုများလေလွင့်မှုမရှိစေရေး၊ကော်မရှင်ရုံးအတွင်းအဆောက်အဦများ သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရေးအတွက် အမျိုးသားအဆောင်၊ အမျိုးသမီးအဆောင်၊ စားချက်ဆောင်များ၊ အဆောက်အဦ အမှတ်(၂)၊ (၂)ထပ်ဆောင်နှင့် ဌာန(၆)ခုတို့ကို အသေးစိတ် လိုက်လံစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာ၊သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း





ဇူလိုင်လ ၃၀ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး ဝန်ထမ်းများသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆) ချက် ရွတ်ဆိုခြင်းကို အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့များတွင် ဆောင်ရွက်လျက်ရှိပါသည်။

## တိုင်တန်းချက်များစိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း တိုင်ကြား စာ (၂၂) စောင် လက်ခံရရှိခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်း အဝေး (၄) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်ကြားစာ (၄) စောင်ကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ လည်းကောင်း၊ တိုင်ကြားစာ (၄) စောင်ကို ကာယကံရှင်ထံသို့ အကြံပြုပြန်ကြားခဲ့ပြီး တိုင်ကြားစာ (၁၄) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ခ) အရလည်းကောင်း၊ ကော်မရှင်ဥပဒေ ပုဒ်မ ၃၂ (ဂ) အရ လည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (က) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ ယခင်ဆောင်ရွက်ပြီးဖြစ်ခြင်းကြောင့်လည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ် ၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပါသည်။

# လာအိုနိုင်ငံတွင် ကျင်းပခဲ့သော လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးတွဲ သုတေသနစာတမ်း အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပါဝင်တက်ရောက်ခြင်း




ဇူလိုင်လ ၂၉ ရက်

လာအိုနိုင်ငံ၊ လွန်ပရာဘန်မြို့၌ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် “လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးတွဲ သုတေသနစာတမ်း အလုပ်ရုံဆွေးနွေးပွဲ” သို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယ ညွှန်ကြား ရေးမှုးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း ပါဝင် တက်ရောက်ခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံမှ ကိုယ်စားလှယ်များ စုစုပေါင်း (၈၀) ဦး ပါဝင် တက်ရောက်ခဲ့ကြပြီး လာအိုနိုင်ငံခြားရေးဝန်ကြီး ဌာနမှ ဒုတိယဝန်ကြီးဖြစ်သူ Mr. Anouparb Vongnorkeo က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ဖြစ်သည့် ၂၈-၇-၂၀၂၅ ရက်နေ့၌ ကဏ္ဍ (၁) တွင် ကုလသမဂ္ဂနှင့် ဒေသတွင်းမူဘောင်များဖြင့် လူ့အခွင့်အရေး ဖွံ့ဖြိုးတိုးတက်မှု ခေါင်းစဉ်အောက်တွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို အဖွဲ့ဝင်နိုင်ငံများအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အခွင့်အရေးဆိုင်ရာ စိန်ခေါ်မှုများ ဖြေရှင်းဆွေးနွေးခြင်းများကို အဖွဲ့ဝင် တစ်နိုင်ငံ ချင်းစီမှ အချိန် (၁၅ မိနစ်) စာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပြီး ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှုးချုပ်က ပါဝင် ဆွေးနွေးခဲ့ပါသည်။ ကဏ္ဍ (၂) တွင် ဆင်းရဲမွဲတေမှုလျှော့ချရေး၊ကျား/မတန်းတူညီမျှရေး၊ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး အခွင့်အလမ်းရရှိမှုတို့နှင့် စပ်လျဉ်း၍ လူ့အခွင့်အရေးဆိုင်ရာ အမျိုးသားမူဝါဒနှင့် ဥပဒေများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များအား တစ်နိုင်ငံချင်းစီမှ အချိန် (၁၅ မိနစ်) စာ ဆွေးနွေးမှု ပြုလုပ်ခဲ့ကြပြီး ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှုးချုပ်က ပါဝင်ဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးပွဲ ဒုတိယနေ့ဖြစ်သည့် ၂၉-၇-၂၀၂၅ ရက်နေ့၌ ကဏ္ဍ (၃) တွင် လူ့အခွင့်အရေး နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးတွဲသုတေသနစာတမ်းမူကြမ်း ဖြည့်စွက်ရေးဆွဲခြင်း ကိစ္စရပ်များ၊အဆိုပါမူကြမ်းအရရှေ့ဆက်ဆောင်ရွက်မည့် ကိစ္စရပ်များအား session နှစ်ခုခွဲ၍ ဆွေးနွေးခဲ့ကြပါသည်။

ကဏ္ဍ (၄) မေးခွန်းမေးမြန်းခြင်း အပိုင်းတွင် လာအိုနိုင်ငံ၊ပညာရေးဌာနမှတက်ရောက်လာသူ တစ်ဦးက မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံများ၏ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် လူ့အခွင့်အရေး သင်ခန်းစာများပို့ချခြင်း ရှိ/မရှိနှင့် သင်ရိုးညွှန်းတမ်းများ ပြဋ္ဌာန်းထားခြင်းရှိ/မရှိမေးမြန်းခဲ့မှုအပေါ် Speakersများမှ ပြန်လည်ဖြေကြားခဲ့ပြီးကော်မရှင်ရုံး၊ဒုတိယညွှန်ကြားရေး မှုးချုပ်မှလည်း ပြန်လည်ဖြေကြားခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြသည့် မူကြမ်းနှင့် စပ်လျဉ်းပြီး LMC နိုင်ငံများ၏ အချက်အလက် ဖြည့်သွင်းမှုများကို စက်တင်ဘာလအတွင်း အပြီးသတ် ဆောင်ရွက်သွားနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲကို ၂၉-၇-၂၀၂၅ ရက်နေ့၊ လာအိုနိုင်ငံ စံတော်ချိန် ညနေ ၁၆:၀၀ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

ဒုတိယညွှန်ကြားရေးမှုးချုပ်သည် လာအိုနိုင်ငံ၊ လွန်ပရာဘန်မြို့မှ ရန်ကုန်မြို့သို့ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့ပါသည်။

## ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ



ဇူလိုင်လ ၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည်ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်လုပ်ငန်းများအစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ်ရေးဆွဲထားသောရှေ့လုပ်ငန်းစဉ်မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက်လုပ်ငန်းစီမံချက်ကိုရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ ဖွင့်လှစ်လျက်ရှိသော တိုက်ပွဲဝင် စည်းရုံးရေး (အရာရှိ) သင်တန်းအမှတ်စဉ် (၅/၂၀၂၅) သို့ ၁-၇-၂၀၂၅ ရက်နေ့နှင့် စခန်းမှူးသင်တန်း အမှတ်စဉ် (၇၀/၂၀၂၅) သို့ ၂-၇-၂၀၂၅ ရက်နေ့တို့တွင် ၀၇:၃၀ နာရီမှ ၀၉:၅၀ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာသင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းများတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များစသည့် သင်ခန်းစာများကိုပို့ချခဲ့ပါသည်။ သင်တန်းများတွင် စုစုပေါင်း သင်တန်းသားဦးရေ ၁၄၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။



## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ

ဇူလိုင်လ ၂၈ ရက်

